ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၃၀၀ ကျပ် | သုံးရာကျပ် | K 300

# "စက်ယန္တရားအငှားရောင်း – နှစ်ဦးသဘောတူကတိစာချုပ် "

**Used Hitachi Excavator ZX210LCH-5G (1)Unit**
**(SO No. COP-UNT-SO-25010003 )**
**(Sr No; HCMDCDF5H00090377)**
**Contract No. WF-HS-033/2025**

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၁၅)ရက်နေ့တွင်ရန်ကုန်မြို့၌ အောက်အမည်ပါသူတို့က Used Hitachi Excavator ZX210LCH-5G (1)Unitစက်ယန္တရားအငှားရောင်းသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆို ကြသည်မှာ–

စက်ယန္တရားအငှားရောင်းချသူ။ ။ ဦးဇော်မင်းမြတ် (ဘ) ဦးမြင့်စိန်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၁၂/မရက(နိုင်)၁၁၄၄၁၁
(for and on the behalf of Common Purpose Co., Ltd.)
အမှတ်(၁၅၂)၊မင်းကြီးမဟာမင်းခေါင်လမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

စက်ယန္တရားအငှားဝယ်ယူသူ။ ။ ဒေါ်တင်မာချို (ဘ) ဦးစိုးတင့်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၇/ညလပ(နိုင်)၀၆၅၁၀၉
လိပ်စာ– ပွဲကုန်းရပ်ကွက်၊ ရွှေကျင်မြို့။
ဆက်သွယ်ရန်ဖုန်းနံပါတ်– ၀၉–၉၆၅၁၆၇၅၅၁။

(စက်ယန္တရားအငှားရောင်းချသူနှင့် စက်ယန္တရားအငှားဝယ်ယူသူဟူသော စကားရပ်များကို အဓိပ္ပာယ် ဖွင့်ဆိုရာတွင် ဤသဘောတူစာချုပ်တွင် သီးခြားဖော်ပြထားခြင်းမရှိပါက ၎င်းတို့ကိုယ်တိုင် အသီးသီးတို့အပြင် ၎င်းတို့၏ ဇနီး/ခင်ပွန်း၊ သား/သမီးများ၊ အမွေစား/အမွေခံများ၊ ဥပဒေနှင့်အညီအကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင် ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများ အားလုံးပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

ဤစာချုပ်ပါ "စက်ယန္တရား"ဟူသောစကားရပ်တွင် အငှားရောင်းချသည့်မူလစက်ယန္တရားနှင့် စက်အပိုပစ္စည်းများ၊ အငှားရောင်းချသူမှလဲလှယ်တပ်ဆင်ပေးသည့် စက်အပိုပစ္စည်းများ ပါဝင်သည်ဟုမှတ်ယူရမည်။ သို့ရာတွင် အငှားဝယ်ယူသူမှ မိမိသဘောအလျောက် အငှားရောင်းချသူ၏ ခွင့်ပြုချက်မရရှိဘဲ လဲလှယ်တပ်ဆင်ထားသည့် စက်ယန္တရားနှင့်စက်အပိုပစ္စည်းများ ပါဝင်ခြင်းမရှိစေရ။

၁။ အငှားရောင်းချသူသည် ကုမ္ပဏီစီးပွားရေးလုပ်ငန်းအရ ရောင်းဝယ်လျက်ရှိသည့် Used Hitachi Excavator ZX210LCH-5G (1)Unit စက်ယန္တရားကို -------- နေရာတွင် အသုံးပြုရန်အတွက် အငှားဝယ်ယူသူနှင့် ယနေ့တွင် ဤသဘောတူစာချုပ်ချုပ်ဆို၍ အငှားဝယ်ယူသူမှ နောက်ဆက်တွဲပါစည်းကမ်းများအတိုင်း လိုက်နာ ဆောင်ရွက်ရန် သဘောတူညီပြီးဖြစ်သည်ဟုမှတ်ယူဝန်ခံလျက် နှစ်ဦးသဘောတူရောင်းချလိုက်ပါသည်။

၂။ အငှားရောင်းချခဲ့သောစက်ယန္တရားကို ပစ္စည်းလွှဲပြောင်းလက်ခံရမည့်နေ့ရက်မှစ၍(၁)လအတွင်း ပစ္စည်းလွှဲပြောင်း လက်ခံရယူရမည်။ (၁)လကျော်လွန်ပါက စက်ပစ္စည်းသိမ်းဆည်းခအဖြစ် နိုင်ငံခြားငွေဖြင့်ဝယ်ယူသည့် စက်ယန္တရား တစ်ယူနစ်အတွက် တစ်ရက်လျှင်(၂၀)ဒေါ်လာနှုန်းဖြင့်လည်းကောင်း၊ မြန်မာငွေဖြင့်ဝယ်ယူသည့် စက်ယန္တရား တစ်ယူနစ် အတွက် တစ်ရက်လျှင်(၁၅၀၀၀)ကျပ်နှုန်းဖြင့်လည်းကောင်း အငှားဝယ်ယူသူမှ ပေးဆောင်ရမည်။ ပစ္စည်းလွှဲပြောင်း လက်ခံရမည့်နေ့ရက်မှ(၂)လအတွင်း ပစ္စည်းလွှဲပြောင်းလက်ခံရယူခြင်းမရှိပါက အခြားဝယ်ယူမည့်သူများသို့ စက်ယန္တရား အငှားရောင်းချသူမှ စက်ယန္တရားကို လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း နှစ်ဖက်သိရှိ သဘောတူပါသည်။

၃။ ရောင်းချသူကမိမိရောင်းချသော Used Hitachi Excavator ZX210LCH-5G (1)Unit စက်ယန္တရားသည် အဟောင်းဖြစ်ကြောင်းနှင့် ယင်းစက်ယန္တရားအား (၃)လ (သို့မဟုတ်) အသုံးပြုနာရီ (၅၀၀)စေ့ရောက် အသုံးပြုပြီးသည်အထိ အာမခံပါသည်။ စေ့ရောက်သည့်နေ့ဆိုသည်မှာ စတင်လွှဲပြောင်းချိန်မှစ၍ သုံးလပြည့်မြောက်သောနေ့ (သို့မဟုတ်) အသုံးပြုနာရီ (၅၀၀)ပြည့်သည့်ကာလနှစ်ခုအနက် စောစွာသောရက်ကို သတ်မှတ်ခြင်းဖြစ်ပါသည်။

၄။ အငှားဝယ်ယူသူသည် အငှားရောင်းချသူကသတ်မှတ်ထားသော အရစ်ကျငွေပေးချေပြီးမှသာလျှင် ယင်း စက်ယန္တရား၏ပိုင်ဆိုင်မှု (Title of Ownership) သည် အငှားဝယ်ယူသူ၏လက်ဝယ်သို့ ရောက်ရှိသည်ဟု သဘောပေါက်နားလည်ပါသည်။

စာမျက်နှာ(၂)သို့

CamScanner

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း
REVENUE STAMP

၃၀၀ ကျပ် သုံးရာကျပ် K 300



၅။ <u>အငှားရောင်းချသူ၏ တာဝန်နှင့်အခွင့်အရေးများ</u>

(က) အငှားရောင်းချသူက မိမိရောင်းချသောစက်ယန္တရားအား သတ်မှတ်ထားသောစည်းကမ်းနှင့်အညီ စိတ်အေးချမ်းသာစွာ အသုံးချနိုင်အောင် လိုအပ်သည်များကိုဆောင်ရွက်လျက် ရောင်းချသည့်သတ်မှတ်ရက်တွင် လက်ရောက်ပေးအပ်ရပါမည်။

(ခ) အာမခံကတိပေးထားသည့်အတိုင်းလိုအပ်သည့်အခါတွင်ဝန်ဆောင်မှုကိုပြည့်ဝစွာဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

(ဂ) အငှားဝယ်ယူသူထံမှ အရစ်ကျပေးငွေအားလုံးကိုလက်ခံရရှိပြီးပါက ငွေအကြေအရောင်းအဝယ်စာချုပ်ကို ထပ်မံချုပ်ဆိုပေးမည်ဖြစ်ပြီး ရောင်းချသည့်စက်ယန္တရားနှင့် သက်ဆိုင်သောစာရွက်စာတမ်းများကို ပေးအပ်ရမည်။

(ဃ) အငှားရောင်းချသူမှ ရောင်းချသည့်စက်ယန္တရားသည် ၎င်းတစ်ဦးတည်းပိုင်ဖြစ်၍ မည်သည့်အရှုပ်အရှင်းကြွေးမြီမျှမရှိကြောင်း ဝန်ခံကတိပြုပါသည်။

၆။ <u>အငှားဝယ်ယူသူ၏ တာဝန်နှင့်အခွင့်အရေးများ</u>

(က) အငှားဝယ်ယူသူသည် မိမိဝယ်ယူသည့်စက်ယန္တရားကိုလက်ခံရရှိသည့်အခါတွင် မိမိမှာယူသည့်အမျိုးအစား၊ မော်ဒယ်၊ အသေးစိတ်အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေး၍ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုး လက်ခံရမည်။ အကယ်၍ဝယ်ယူသည့်စက်ယန္တရားတွင် ချွတ်ယွင်းချက်တွေ့ရှိပါက ပြင်ဆင်ရေးဌာန (Service Center) သို့ ဝယ်ယူစဉ်ကတည်းက အကြောင်းကြားခေါ်ယူရမည်။ ဤကဲ့သို့ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ စက်ယန္တရားကို လက်ခံရယူခဲ့ပါက လက်ခံရယူသည့်စက်ယန္တရားသည် မူလအကောင်းပကတိအခြေအနေဖြင့် အငှားဝယ်ယူသူထံသို့ ယုံကြည်စွာလက်ရောက်ပေးအပ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) အငှားဝယ်ယူသူသည် အာမခံသည့်ကာလအတွင်း မိမိဝန်ထမ်းများ၏ တာဝန်ပျက်ကွက်မှုကြောင့်မဟုတ်လျှင် အခမဲ့ပြင်ဆင်ပေးသည်ကိုရရှိမည်။ ပြင်ဆင်ပေးရာတွင် အငှားရောင်းချသူ၏ဝန်ထမ်းများမှ ကုမ္ပဏီ၏တည်ရှိရာ နေရာနှင့် မိုင်(၄၀)အကွာအဝေးအတွင်း အငှားရောင်းချသည့်စက်ယန္တရားကို ပြင်ဆင်ပေးရပါက ပြင်ဆင်ပေးမည့် ဝန်ထမ်းများ၏ စရိတ်ကိုပေးအပ်ရန်မလိုပါ။ အကယ်၍ပြင်ဆင်ရမည့်စက်ယန္တရားသည် ကုမ္ပဏီတည်ရှိရာနေရာမှ မိုင်(၄၀)ထက်ကျော်သောအကွာအဝေးတွင်ရှိပါက ကုမ္ပဏီ၏ဝန်ထမ်းများ စက်ယန္တရားပြင်ဆင်ရန်အတွက် သွားလာသည့်စရိတ်၊ နေထိုင်စရိတ်၊ စားစရိတ်တို့ကို အငှားဝယ်ယူသူဘက်မှ သင့်တင့်သည့်အခကြေးငွေနှင့် လိုအပ်သည့် စောင့်ရှောက်မှုများကို ကျခံတာဝန်ယူရမည်ဖြစ်ကြောင်း သိရှိသဘောတူ ဝန်ခံကတိပြုပါသည်။

(ဂ) မီးသင့်လောင်ခြင်း၊ မုန်တိုင်းကျခြင်း၊ ရေလွှမ်းမိုးခြင်းနှင့် အခြားမလွန်ဆန်နိုင်သော သဘာဝဘေးအန္တရာယ်အကြောင်းများကြောင့် အငှားဝယ်ယူစဉ်ကာလအတွင်း စက်ယန္တရားပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရန်အတွက် အငှားရောင်းချသူ၏အမည်ဖြင့် အလုံးစုံထိခိုက်ပျက်စီးမှုအာမခံကို မဖြစ်မနေထားရှိပေးရမည့်အပြင် အဆိုပါအာမခံကြေးကို အငှားဝယ်ယူသူမှကျခံရမည်။ အငှားရောင်းချသည့်စက်ယန္တရားသည် လုံးဝပျက်စီးသွားလျှင်သော်လည်းကောင်း၊ မတော်မတန်အမြဲအသုံးမဝင်ဖြစ်ပွားခဲ့လျှင်သော်လည်းကောင်း၊ အာမခံဌာနမှ ပေးလျော်သည့် အာမခံလျော်ကြေးငွေသည် အငှားရောင်းချသည့်စက်ယန္တရားများ၏ တန်ဖိုးကိုပြည့်မီခြင်းမရှိပါက စက်ယန္တရား၏ တန်ဖိုးပြည့်မီသည်အထိ အငှားဝယ်ယူသူမှကျခံရမည်။ အာမခံဌာနမှတောင်းခံသည့် စာရွက်စာတမ်းများပြည့်စုံအောင် အငှားဝယ်ယူသူမှဆောင်ရွက်ပေးရမည့်အပြင် အာမခံထားသည့်စက်ယန္တရားအတွက် အာမခံဌာနမှသတ်မှတ်သည့် စည်းမျဉ်း/စည်းကမ်းအားလုံးကို အငှားဝယ်ယူသူမှ လိုက်နာရန်သဘောတူညီပြီးဖြစ်သည်ဟုမှတ်ယူရမည်။ အာမခံဌာနမှ သတ်မှတ်သည့် စည်းမျဉ်း/စည်းကမ်းများကို အငှားဝယ်ယူသူ (သို့မဟုတ်) အငှားဝယ်ယူသူ၏ ဝန်ထမ်းများက လိုက်နာမှုမရှိခြင်းကြောင့် အာမခံလျော်ကြေးပေးရန်ငြင်းပယ်ခြင်းခံရပါက အဆိုပြုအာမခံကြေးကို အငှားဝယ်ယူသူမှ ပေးလျော်ရမည်ကို ဝန်ခံကတိပြုပါသည်။

(ဃ) အငှားဝယ်ယူသည့်စက်ယန္တရားဖိုး အပြေအကြေပေးချေမှုမရှိသေးသည့် အချိန်ကာလအတွင်း စက်ယန္တရားကို ဤစာချုပ်တွင် အဆိုပြုထားသည့် နေရာတွင်သာအသုံးပြုရမည်။ နေရာပြောင်းရွှေ့အသုံးပြုလိုပါက အငှားရောင်းချသူ၏ ခွင့်ပြုသဘောတူညီမှုဖြင့်သာ နေရာပြောင်းရွှေ့ခွင့်ရှိကြောင်း သဘောတူပါသည်။

စာမျက်နှာ(၃)သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၃၀၀ ကျပ် ငွေသုံးရာကျပ် K 300



(င) အငှားဝယ်ယူသည့်စက်ယန္တရားကို ဥပဒေနှင့်မညီသည့် မည်သည့်ကိစ္စတွင်မှအသုံးမပြုရ။ ယင်းသို့ အသုံးပြုခြင်းကြောင့် အငှားရောင်းချသူတွင် ဆုံးရှုံးနစ်နာမှုတစ်စုံတစ်ရာ ဖြစ်ပေါ်ခဲ့လျှင်သော်လည်းကောင်း၊ စက်ယန္တရား ယာဉ်တိုက်မှု၊ ထိခိုက်ပျက်စီးမှု၊ သိမ်းဆည်းခံရမှုများ ဖြစ်ပွားခဲ့လျှင်သော်လည်းကောင်း အငှားဝယ်ယူသူမှ အလုံးစုံ တာဝန်ယူဆောင်ရွက်ပေးရမည့်အပြင် အငှားရောင်းချသည့်စက်ယန္တရားကို အငှားရောင်းချသူကပြန်လည်သိမ်းယူနိုင်ပြီး ဆုံးရှုံး နစ်နာသည့်တန်ဖိုးနှင့်နစ်နာကြေးကို တရားစရိတ်နှင့်တကွအငှားဝယ်ယူသူမှ ပေးလျော်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

(စ) အငှားဝယ်ယူသည့် စက်ယန္တရားကို စက်ယန္တရားဖိုးပြေကြေမှုမရှိသေးမီအချိန်ကာလအတွင်း မူလအကောင်း ပကတိအခြေအနေ အနေအထားမှပြောင်းလဲသွားအောင်လုပ်ဆောင်ခြင်းမပြုရ။ အငှားဝယ်ယူသူမှ မိမိသဘောအလျောက် အငှားရောင်းချသူ၏ ခွင့်ပြုချက်မရရှိဘဲ လဲလှယ်တပ်ဆင်ထားသည့်စက်ယန္တရားနှင့် စက်အပိုပစ္စည်းများကို အငှား ရောင်းချသူမှ ပိုင်ဆိုင်ခွင့်ရှိစေရမည့်အပြင် မူလအကောင်းပကတိအခြေအနေသို့ ပြန်လည် ရောက်ရှိအောင်ပြုပြင်ရလျှင် ပြုပြင်စရိတ်ကိုအငှားဝယ်ယူသူမှ ထပ်မံပေးလျော်ပါမည်ဟု သဘောတူပါသည်။

(ဆ) အငှားဝယ်ယူသူအနေဖြင့် မိမိစိတ်တိုင်းကျကြည့်ရှုစစ်ဆေးပြီးမှ ဝယ်ယူသည့်အတွက်စရံငွေကို ပြန်လည် တောင်းခံခြင်းမပြုသကဲ့သို့ ပေးသွင်းရမည့်အရစ်ကျငွေအားလုံးကို သတ်မှတ်ထားသည့်ကာလအတွင်း မှန်မှန်ပေးချေရန် တာဝန်ရှိကြောင်း သိရှိသဘောတူ ဝန်ခံကတိပြုပါသည်။

(ဇ) အငှားဝယ်ယူသူသည် အရစ်ကျပေးချေရမည့်ကျသင့်သည့်ငွေများကို သတ်မှတ်ထားသောကာလအတွင်း အပြေအကြေပေးချေရန်ပျက်ကွက်ပါက ရောင်းချသည့်ကုမ္ပဏီ၏ ငွေကြေးလည်ပတ်စီးဆင်းမှု နှောင့်နှေးကြန့်ကြာ စေသည့်အတွက် နစ်နာမှုရှိသည့်အားလျော်စွာ အငှားဝယ်ယူသူက နစ်နာကြေးအဖြစ်ပေးဆောင်ရန် ကျန်ရှိသည့် တန်ဖိုးငွေ၏ (၅%) တွက်ချက်၍ ပေးရမည်ဖြစ်သည့်အပြင် ကျန်ငွေပေးချေရန် (၁)လတိတိ ဆက်လက်ပျက်ကွက်ပါက စက်ယန္တရားတွင်ပါရှိသော (Control Module/EFC Card/ECU/AVR) တို့အား ဖြုတ်သိမ်းမည်ဖြစ်သည်။

(ဈ) အငှားဝယ်ယူသူသည် ကျန်ငွေပေးချေရန်(၂)လတိတိ ဆက်လက်ပျက်ကွက်နေပါက ဤသဘောတူစာချုပ်ပါ အတိုင်း အငှားရောင်းချသူမှ အငှားရောင်းချထားသည့်စက်ကိုတရားဝင်ပြန်လည်သိမ်းယူမည်ဖြစ်ပြီး၊ အငှားဝယ်ယူသူမှ အငှားရောင်းချသူထံသို့ ကနဦးပေးသွင်းထားသော စက်တန်ဖိုးငွေများအား ပြန်လည်ထုတ်ယူခွင့်ပေးမည်မဟုတ်ကြောင်း ကို သိရှိသဘောတူပါသည်။

(ည) အငှားဝယ်ယူသူသည် အငှားရောင်းချသူဘက်မှ ပြန်လည်သိမ်းယူထားသောစက်ကို ပြန်လည်ရွေးယူလိုလျှင် စက်သိမ်းယူစဉ်က ကုန်ကျခဲ့သော ကုန်ကျစရိတ်များနှင့် ပေးရန်ကျန်ရှိနေသောငွေကြေးအဝဝကို အပြေအကြေ ပေးချေပြီးမှသာလျှင် ပြန်လည်ရွေးယူနိုင်မည်ဖြစ်ပါသည်။

(ဋ) စက်ယန္တရားအား ပြန်လည်သိမ်းဆည်းခြင်းခံရပါက စက်ယန္တရားဝယ်ယူသူမှ အသုံးပြုခဲ့သော နာရီအလိုက် ကျသင့်တန်ဘိုးကို စက်ယန္တရားစံငှားရမ်းခနှုန်းထားအတိုင်း ဝယ်ယူသူမှ ရောင်းချသူသို့ ထပ်မံပေးသွင်းရန် နှစ်ဖက် သဘောတူသည်။

၇။ အငှားဝယ်စက်ယန္တရားအား သတ်မှတ်ထားသောစာချုပ်ကာလအတွင်း ငွေများအပြေအကြေ ပေးချေရခြင်း မရှိသေးပါက အငှားဝယ်ယူသူသည် ယုံကြည်စွာအပ်နှံထားသည့် ဖော်ပြပါစက်ယန္တရားကို မည်သူတစ်ဦး တစ်ယောက်ကိုမျှ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ရွှေ့ပြောင်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ အာမခံအဖြစ်တင်သွင်းခြင်း၊ အခြားနည်းအရလွှဲပြောင်းခြင်းစသည့် မည်သည့် ကိစ္စကိုမျှ လုပ်ဆောင်ပိုင်ခွင့်မရှိကြောင်း သိရှိသဘောတူပါသည်။ ဖော်ပြပါအချက်များကို ဖောက်ဖျက်ပါက တည်ဆဲ ဥပဒေတစ်ရပ်ရပ်နှင့်အညီ တရားစွဲဆိုခံရမည်ဖြစ်ပြီး တရားစရိတ်အဝဝကို အငှားဝယ်ယူသူမှ ကျခံရမည်ဖြစ်ကြောင်း နှင့် ပေါ်ပေါက်လာသော နစ်နာမှုအပေါ် ကုမ္ပဏီမှသတ်မှတ်သော နစ်နာကြေးကိုလည်း ပေးလျော်ရန် သိရှိသဘောတူ ဝန်ခံကတိပြုပါသည်။

၈။ အငှားဝယ်ယူသူမှ အငှားရောင်းချခြင်းကိုဖျက်သိမ်းလိုပါက အငှားရောင်းချသူပိုင်စက်ယန္တရားကို ပြန်လည် သိမ်းယူမည်ဖြစ်ကြောင်း သဘောတူညီပါသည်။

၉။ စက်ယန္တရားကိုခိုးယူခံရခြင်း၊ လုယက်ခံရခြင်း၊ ဓားပြတိုက်ခံရခြင်း၊ မီးသင့်လောင်ခြင်း၊ ရေနစ်မြုပ်ခြင်း၊ ပျက်ဆီးခံရခြင်းအစရှိသည့် အကြောင်းတစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးပါးခဲ့ပါက အငှားဝယ်ယူသူမှ တန်ဖိုးအပြည့်ကို ပြန်လည်ပေးလျော်ပါမည်ဟု သိရှိသဘောတူ ဝန်ခံကတိပြုပါသည်။

စာမျက်နှာ(၄)သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၃၀၀ ကျပ် | သုံးရာကျပ် | K 300



၁၀။ အငှားရောင်းကတိစာချုပ်ပျက်ကွက်မှုကြောင့် အငှားဝယ်စက်ယန္တရားအား ပြန်လည်ပေးအပ်ရသည့်အခါတွင် အငှားဝယ်စဉ်က မူလအကောင်းပကတိအခြေအနေအတိုင်း ပြန်လည်ပေးအပ်ရန်တာဝန်ရှိကြောင်း သိရှိသဘောတူ ဝန်ခံကတိပြုပါသည်။

၁၁။ <u>တစ်ဖက်သတ်ရုပ်စဲခွင့်</u>

(က) အောက်ပါအကြောင်းတစ်ခုခုတစ်ရာပေါ်ပေါက်လျှင် အငှားရောင်းချသူမှ ဤစာချုပ်ကို တစ်ဖက်သတ်ရုပ်စဲပိုင်ခွင့် ရှိစေရမည်။

(၁) အငှားဝယ်ယူသည့် စက်ယန္တရားအား တရားရုံးတွင်သက်သေခံတင်သွင်းခံရသည့်အခါ။

(၂) အငှားဝယ်ယူသည့် စက်ယန္တရားအား အငှားရောင်းချသူ၏ ခွင့်ပြုချက်မရှိဘဲစက်အစိတ်အပိုင်းများ လဲလှယ်တပ်ဆင်ထားကြောင်း စစ်ဆေးတွေ့ရှိသည့်အခါ။

(၃) အငှားဝယ်ယူသည့် စက်ယန္တရားအား လေလံတင်ရောင်းချခြင်းခံရသည်ဟု မှတ်ယူနိုင်သည့်အခါ။

(၄) အငှားဝယ်ယူသူက ဤစာချုပ်ပါစည်းကမ်းချက်များကိုဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိသည့်အခါ။

(ခ) ဤစာချုပ်ကို တစ်ဖက်သတ်ရုပ်စဲခြင်းခံရပါက အငှားရောင်းချသူပိုင်စက်ယန္တရားကို တစ်ဖက်သတ်ပြန်လည် သိမ်းယူခြင်းခံရမည့်အပြင် အငှားရောင်းချသူ၏ ဆုံးရှုံးနစ်နာမှုအတွက် ဆုံးရှုံးနစ်နာသည့်တန်ဖိုးနှင့် နစ်နာကြေးကို တရားစရိတ်နှင့်တကွ အငှားဝယ်ယူသူမှ ပေးလျော်ပါမည်ဟု သိရှိသဘောတူ ဝန်ခံကတိပြုပါသည်။

၁၂။ ဤစာချုပ်နှင့်ပူးတွဲပါစာရွက်စာတမ်းအားလုံးသည်တဆက်တစပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

၁၃။ ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များနှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက **Common Purpose Co., Ltd.** အထွေထွေမန်နေဂျာ **(General Manager)** နှင့် စက်ယန္တရားဝယ်ယူသူတို့ နှစ်ဖက်ညှိနှိုင်းဆွေးနွေးရန် သဘောတူပါသည်။

ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို အငှားရောင်းချသူနှင့် အငှားဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည် ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိကောင်းစွာ နားလည်သဘောပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်ညြဖာ အသုံးပြုခြင်းစသည်တို့ လုံးဝကင်းရှင်းလျှက်မိမိတို့၏ လွပ်လပ်သောသဘောဆန္ဒနှင့်အညီ အောက်ပါအသိသက်သေ များ၏ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

<u>စက်ယန္တရားအငှားရောင်းချသူ</u>

ဦးဇော်မင်းမြတ် (၁၂/မရက(နိုင်)၁၁၄၄၁၁)
(for and on behalf of Common Purpose Co., Ltd.)

<u>စက်ယန္တရားအငှားဝယ်ယူသူ</u>

ဒေါ်တင်မာချို (၇/ညလပ(နိုင်)၀၆၅၁၀၉)

<u>အသိသက်သေများ</u>

လက်မှတ် -
အမည် - ဦးမင်းဇင်
နုငသအမှတ် - ၇/ကတခ(နိုင်)၁၂၁၀၅၃
နေရပ် - အမှတ်(၁၅၂)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊
- လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

လက်မှတ် -
အမည် - ------------
နုငသအမှတ် - ------------
နေရပ် - ------------
- ------------

လက်မှတ် -
အမည် - ဦးအောင်သူဝင်း
နုငသအမှတ် - ၁၄/လမန(နိုင်)၀၇၀၂၀၅
နေရပ် - အမှတ်(၁၅၂)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

စာမျက်နှာ(၅)သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၃၀၀ ကျပ်   စဉ်ဆင်းရောကျပ်   K 300

(၅)   နောက်ဆက်တွဲ "က"

## အငှားရောင်းချခြင်းနှင့်စပ်လျဉ်းသည့်ငွေပေးချေခြင်းအသေးစိတ်

၁။ ရောင်းချသည့်စက်ယန္တရားအမျိုးအမည်– Used Hitachi Excavator ZX210LCH-5G (1)Unit

၂။ သတ်မှတ်အငှားရောင်းဈေး – (1)Unit အတွက် တန်ဖိုးငွေ USD-116,000/- ( USD – One Hundred and Sixteen Thousand Only) (ကုန်သွယ်လုပ်ငန်းခွန် အပါအဝင်ဈေးနှုန်း) Landed Yangon ဖြစ်ပါသည်။

၃။ ငွေပေးချေခြင်းစနစ်

1st Payment – (1)Unit အတွက် ပထမအရစ်ကျငွေအဖြစ် USD – -64,516 (USD – sixty-four thousand five hundred and sixteen only ) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေဖြင့် (၁၄–၁–၂၀၂၅) ရက်နေ့တွင် (RV NO. HQT-RV-2025-01-0502) တို့ဖြင့် ရောင်းချသူ၏ ရန်ကုန်ရုံးသို့ ပေးချေရာ လက်ခံရရှိပြီး ဖြစ်ပါသည်။

ကျန်ငွေပေးချေခြင်းစနစ်

စက်ယန္တရား (1)Unit အတွက် စုစုပေါင်းကျန်ရှိငွေ USD –51,484/- (USD – fifty-one thousand four hundred and eighty-four) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း အပြေအကြေ ပေးချေရန် သဘောတူညီပါသည်။

2nd Payment – (1)Unit အတွက် ပထမအရစ်ကျငွေအဖြစ် USD – 17,162/- (USD – seventeen thousand one hundred and sixty-two Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေဖြင့် ၂၀၂၅ ခုနှစ် ၊ ဖေဖော်ဝါရီလ တွင် ရောင်းချသူ၏ ရန်ကုန်ရုံးသို့ ပေးချေရန် သဘောတူညီပါသည်။

3rd Payment – (1)Unit အတွက် ဒုတိယအရစ်ကျငွေအဖြစ် USD – 17,161/- (USD – seventeen thousand one hundred and sixty-once Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေဖြင့် ၂၀၂၅ ခုနှစ် ၊ မတ်လ တွင် ရောင်းချသူ၏ ရန်ကုန်ရုံးသို့ ပေးချေရန် သဘောတူညီပါသည်။

Final Payment – (1)Unit အတွက် ကျန်ငွေ USD – 17,161/- (USD – seventeen thousand one hundred and sixty-once Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေဖြင့် ၂၀၂၅ ခုနှစ် ၊ ဧပြီလ တွင် ရောင်းချသူ၏ ရန်ကုန်ရုံးသို့ ပေးချေရန် သဘောတူညီပါသည်။

၄။ ဝယ်ယူသူမှငွေပေးချေမှုများကို သတ်မှတ်ထားသည့်အငှားရောင်းကာလ စုစုပေါင်း(၃)လအတွင်း (၂၀၂၅ ခုနှစ်၊ ဧပြီလ) နောက်ဆုံးထား၍ ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေဖြင့် ကျန်ငွေများကို မပျက်မကွက် မှန်မှန် အပြီးအပြတ် အပြေအကြေပေးချေရန် သဘောတူညီကြပါသည်။

၅။ စက်ယန္တရားလွှဲပြောင်းချိန် – ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ။

၆။ စက်ယန္တရားလွှဲပြောင်းချိန်တွင် စက်ယန္တရားနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို စက်ယန္တရားအငှားရောင်းချသူမှ အငှားရောင်းစနစ်ဖြင့်ရောင်းချခဲ့သော စက်ယန္တရားနှင့်အတူတစ်ပါတည်း စက်ယန္တရား အငှားဝယ်ယူသူသို့ ယုံကြည်စွာဖြင့် လက်ရောက်လွှဲပြောင်းပေးအပ်ရာ အငှားဝယ်ယူသူမှလည်း လက်ခံရရှိကြောင်း ဝန်ခံကတိပြုပါသည်။

စာမျက်နှာ(၆)သို့

16/25
ZMM

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၃၀၀ ကျပ် | ငွေသုံးရာကျပ် | K 300



၇။ အရစ်ကျပေးသွင်းရာတွင်သတ်မှတ်သည့်သဘောတူညီချက်များ –

(က) အရစ်ကျငွေကိုသတ်မှတ်ရက်တွင်တိကျစွာပေးချေရန်သဘောတူညီပါသည်။

(ခ) အရစ်ကျငွေပေးရန်ပျက်ကွက်ပါကပေးပြီးအရစ်ကျငွေများသည်ငှားရမ်းခပင်ဖြစ်သည်ကိုနားလည်ပါသည်။

(ဂ) အရစ်ကြေးပေးရန်ပျက်ကွက်ခြင်းကြောင့် အငှားရောင်းကတိပျက်ကွက်သဖြင့် အငှားရောင်းစက်ယန္တရားကို အငှားရောင်းချသူက ပြန်လည်သိမ်းယူမည်ကို ကောင်းစွာသိရှိနားလည်ပြီး သဘောတူလက်ခံပါသည်။

| စက်ယန္တရားအငှားရောင်းချသူ | စက်ယန္တရားအငှားဝယ်ယူသူ |
|---|---|
| ဦးဇော်မင်းမြတ် (၁၂/မရက(နိုင်)၁၁၄၄၁၁)<br>(for and on behalf of Common Purpose Co., Ltd.) | ဒေါ်တင်မာချို (၇/ညလပ(နိုင်)၀၆၅၁၀၉) |

အသိသက်သေများ

လက်မှတ် –
အမည် – မင်းဇင်
နသအမှတ် – ၇/ကတခ(နိုင်)၁၂၁၀၅၃
နေရပ် – အမှတ်(၁၅၂)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊
– လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

လက်မှတ် –
အမည် – ------------
နသအမှတ် – ------------
နေရပ် – ------------
– ------------

လက်မှတ် –
အမည် – ဦးအောင်သူဝင်း
နသအမှတ် – ၁၄/လမန(နိုင်)၀၇၀၂၀၅
နေရပ် – အမှတ်(၁၅၂)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၃၀၀ကျပ် သုံးရာကျပ် K 300

# " ကိုယ်တိုင်ကတိပြုဝန်ခံချက် "

ကျွန်မ ဒေါ်တင်မာချို၊ နိုင်ငံသားစိစစ်ရေးအမှတ်- ၇/ညလပ(နိုင်)၀၆၅၁၀၉၊ ရွှေကျင်မြို့တွင် နေထိုင်သူက အောက်ပါအသိသက်သေများရှေ့မှောက်၌ ဤဝန်ခံချက်ကို လက်မှတ်ရေးထိုး ဝန်ခံချုပ်ဆိုပါသည်။

(ကျွန်မ ဒေါ်တင်မာချို ဟုဆိုရာ၌ ကျွန်မ တို့အပြင် ဇနီး/ခင်ပွန်း သား/သမီးများ၊ အမွေစား/အမွေခံများ ဥပဒေနှင့်အညီ အကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများ အားလုံးပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

၁။ အောက်ဖော်ပြပါဇယားတွင် ဖော်ပြထားသောပစ္စည်းသည် ရန်ကုန်မြို့၊ Common Purpose Co., Ltd ပိုင်ငွေဖြင့်ဝယ်ယူ၍ ကျွန်မအား အငှားအဝယ် (Hire Purchase) စနစ်ဖြင့် ယုံကြည်အပ်နှံ အသုံးပြုခွင့်ပေးခြင်းသာ ဖြစ်ကြောင်း ဝန်ခံပါသည်။

၂။ ယင်းပစ္စည်းနှင့်ပတ်သက်၍ ကုမ္ပဏီမှသတ်မှတ်ထားသည့် အရစ်ကျပေးဆပ်ရမည့်ငွေများကို လစဉ် သတ်မှတ်ရက်ထက်နောက်မကျစေဘဲ ကုမ္ပဏီ၏ဘဏ်စာရင်းသို့ပေးသွင်းရန်နှင့် အကယ်၍ လစဉ်အရစ်ကျပေးသွင်းငွေ ပျက်ကွက်ပါက ပျက်ကွက်ကြေး (Default Fees)ကို (၅%)ဖြင့် ပေးသွင်းရန် သဘောတူပါသည်။

၃။ အဆိုပါပစ္စည်းအတွက် ကုမ္ပဏီက သတ်မှတ်ထားသည့် အရစ်ကျတန်ဖိုးငွေများ အပြေအကြေမပေးချေရသေးမီကာလတစ်လျှောက်တွင် ပစ္စည်း၏ပိုင်ရှင်မှာ Common Purpose Co., Ltd. သာဖြစ်ကြောင်း သိရှိပါသည်။

၄။ (၁)လနှင့်အထက် ငွေပေးချေရန် ပျက်ကွက်ခဲ့ပါက ဝယ်ယူသူမှ Common Purpose Co., Ltd. သို့ ငှားရမ်းဝယ်ယူထားသော Used Hitachi Excavator ZX210LCH-5G (1)Unitတည်ရှိရာနေရာ (သို့မဟုတ်) တည်ရှိသည်ဟု သံသယတည်ရှိရာနေရာများသို့ သွားရောက်၍ Commom Purpose Co., Ltd. မှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ၏ အစီအမံဖြင့် ပြန်လည်သိမ်းယူရာတွင် သာယာအေးချမ်းစွာဖြင့် အဆိုပါ Used Hitachi Excavator ZX210LCH-5G (1)Unitကို လက်ရောက်အပ်နှံပါမည်ဟု အငှားဝယ်ယူသူဝန်ခံကတိပြုပါသည်။ ထိုသို့ Used Hitachi Excavator ZX210LCH-5G (1)Unitကို ပြန်လည် သိမ်းယူရာတွင် ကုန်ကျစရိတ် ကျသင့်သော တန်ဖိုးငွေကို အငှားဝယ်ယူသူဘက်မှကျခံရမည်ကို သိရှိသဘောတူပါသည်။ ထိုကဲ့သို့ Used Hitachi Excavator ZX210LCH-5G (1)Unit ပြန်လည်သိမ်းယူသည့်အချိန်၌ အသုံးပြုသုံးစွဲထားသော ကီလိုကုန်ကျစရိတ် တန်ဖိုးသည် ပေးသွင်းထားပြီးသော အရစ်ကျငွေကြေးထက် ပိုမိုနေပါက အဆိုပါတန်ဖိုးငွေကို ထပ်မံပေးသွင်းရမည်ကို သိရှိပါသည်။

၅။ အကယ်၍ ကျွန်မ သည် ကုမ္ပဏီသို့ ပေးဆပ်ရမည့် အရစ်ကျငွေများကို လစဉ်မှန်ကန်စွာ ပေးသွင်းရန် ပျက်ကွက်ပါက Commom Purpose Co., Ltd. အနေဖြင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး/ မြန်မာနိုင်ငံရဲတပ်ဖွဲ့စသည်တို့အား တိုင်ကြား၍သော်လည်းကောင်း၊ အခြားနည်းလမ်းဖြင့်သော်လည်းကောင်း၊ အချိန်မရွေး၊ နေရာမရွေး ကုမ္ပဏီပိုင်ပစ္စည်းကို လက်ဝယ်ထားရှိသူ၊ မည်သူ့ထံမှမဆို ပြန်လည်သိမ်းယူခွင့်ရှိကြောင်း ဝန်ခံပါသည်။

၆။ အငှားချေးငွေစနစ်ဖြင့် ဝယ်ယူသည့်ပစ္စည်းအား Common Purpose Co., Ltd. အမည်ဖြင့် အလုံးစုံအာမခံထားရှိရန်နှင့် Common Purpose Co., Ltd. လက်ဝယ်တွင်ရှိသည့် Common Purpose Co., Ltd. Possession ဟူသော Seal တံဆိပ်ကပ်နှိပ်ရန် သဘောတူကြောင်း ဝန်ခံကတိပြုပါသည်။

၇။ ပစ္စည်းတန်ဖိုးပေးသွင်းငွေများ အပြေအကြေပေးဆပ်နိုင်ခြင်းမရှိဘဲ ယင်းကုမ္ပဏီပိုင်ပစ္စည်းအား တစ်နည်းနည်းဖြင့် လွှဲပြောင်း/ရောင်းချ/ပေါင်နှံ/ပေးကမ်းခြင်းပြုမိပါက ယုံကြည်အပ်နှံမှု ဖောက်ဖျက်ခြင်းဖြစ်၍ ပြစ်မှုဆိုင်ရာဥပဒေအရ ၎င်းကုမ္ပဏီမှ အရေးယူခြင်းကို ခံယူပါမည်ဟု ဝန်ခံကတိပြုပါသည်။

၈။ အဆိုပါပစ္စည်းအား အငှားဝယ်စနစ်ဖြင့် အသုံးပြုလျက်ရှိနေစဉ် ကာလတစ်လျှောက် ကျသင့်သောအခွန်အခ၊ ပျက်စီး၍ ပြင်ဆင်ကုန်ကျစရိတ် စသည်တို့ကို မိမိတွင်သာ တာဝန်ရှိကြောင်း သိရှိပါသည်။

၉။ အဆိုပါပစ္စည်းအား အငှားဝယ်စနစ်ဖြင့် အသုံးပြုနေစဉ်ကာလအတွင်း တည်ဆဲဥပဒေနှင့် မလွတ်ကင်းသော ပြုလုပ်မှုတစ်ရပ်ကိုပြုလုပ်မိပါက မိမိတွင်သာတာဝန်ရှိသည့်အတွက် အဆိုပါကိစ္စအား ပြီးဆုံးပြေလည်သည်အထိ တာဝန်ယူဖြေရှင်းပေးပါမည်ဟု ဝန်ခံပါသည်။

စာမျက်နှာ(၂)သို့

CamScanner

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း
REVENUE STAMP

၃၀၀ကျပ် K 300



၁၀။ အကယ်၍ အငှားဝယ်ယူသူမှ အရစ်ကျငွေပေးချေရန် ပျက်ကွက်ပါက အထက်ပါ အရောင်းအဝယ်ကိစ္စများကို အာမခံကတိပြုလက်မှတ်ရေးထိုးထားသူ ဦးနိုင်ဝင်း မှ အလုံးစုံတာဝန်ယူပေးရမည်ဖြစ်ကြောင်းကို သိရှိသဘောတူပါသည်။

၁၁။ အငှားဝယ်ယူထားသော Used Hitachi Excavator ZX210LCH-5G (1)Unitကို ဝယ်ယူသူမှ အငှားဝယ်ယူထားသည့်အချိန်ကာလအတွင်း ပျက်စီးဆုံးရှုံးမှုများကိုကာကွယ်နိုင်ရန် အာမခံလျှောက်ထားရမည့် တာဝန်ရှိပါသည်။ လျှောက်ထားရာ၌ လိုအပ်မည့်စာရွက်စာတမ်း အထောက်အထားများကို ငွေကြေးဝန်ဆောင်မှု ကုမ္ပဏီသို့ပေးအပ်ရန် တာဝန်ရှိပါသည်။ ငွေကြေးဝန်ဆောင်မှုကုမ္ပဏီသည် အာမခံကုမ္ပဏီမှရရှိသော အကျိုးခံစားခွင့်များကို ရရှိသူဖြစ်ရမည်ဟု အာမခံမူဝါဒတွင်ပါဝင်ရမည်။ ဆုံးရှုံးပျက်စီးမှုများဖြစ်ပေါ်ခဲ့ပါက အာမခံကုမ္ပဏီမှ ရပိုင်ခွင့်များကို ငွေကြေးဝန်ဆောင်မှုကုမ္ပဏီသို့ မည်သည့်အခြေအနေတွင်မဆိုပေးအပ်ရမည်ဖြစ်သည်။ ရရှိလာသောရပိုင်ခွင့်များကို ဝယ်ယူသူ၏ အရစ်ကျပေးရန် လက်ကျန်ငွေများပေးချေရန်နှင့် ပေးရန်ကျန်ရှိနေသော အရစ်ကျသွင်းငွေများအတွက် အသုံးပြုမည်ဖြစ်ပါသည်။ အကယ်၍ အာမခံကုမ္ပဏီမှရပိုင်ခွင့်ငွေများကို ဝယ်ယူသူ၏ ပေးရန်ကျန်ရှိသောငွေများအတွက် မလုံလောက်ပါက ဝယ်ယူသူဘက်မှ ကျန်ငွေများကို ပေးဆောင်ရမည့် တာဝန်ရှိပါသည်။ အာမခံလျှောက်ထားသည့် အချိန်ကာလအတွင်း လစဉ်အရစ်ကျပေးသွင်းရသောငွေများကို ဆက်လက်ပေးသွင်းရန်တာဝန်ရှိပါသည်။ အကယ်၍ အာမခံဝယ်ယူထားခြင်းမရှိပါက ဝယ်ယူသူ၏တာဝန်ဝတ္တရားများမှ အထက်တွင်ပါဝင်သော အချက်အလက်ဆိုင်ရာများနှင့် လွတ်ကင်းမည်မဟုတ်ပါ။ ထို့အပြင် Used Hitachi Excavator ZX210LCH-5G (1)Unit ကို အငှားဝယ်ယူထားသည့် အချိန်ကာလတစ်လျှောက် အာမခံကုမ္ပဏီသို့ ပေးသွင်းရမည့် ကျသင့်သော အမခံကြေးအား မပျက်မကွက်ပေးသွင်းပါမည်။

ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ ဝန်ခံချက်များကို အငှားရောင်းချသူနှင့် အငှားဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည်ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိ ကောင်းစွာနားလည်သဘောပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်ဩဇာအသုံးပြုခြင်းစသည်တို့ လုံးဝကင်းရှင်းလျက် မိမိတို့၏လွတ်လပ်သော သဘောဆန္ဒနှင့်အညီ အောက်ပါအသိသက်သေများ၏ ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

ဦးနိုင်ဝင်း
(၇/ညလပ(နိုင်)၁၄၁၁၁၂)
(အာမခံသူ)

ဒေါ်တင်မာချို
(၇/ညလပ(နိုင်)၀၆၅၁၀၉)
(ဝန်ခံကတိပြုသူ)

အသိသက်သေများ

လက်မှတ် -
အမည် - မင်းဇင်
နသေအမှတ် - ၇/ကတခ(နိုင်)၁၂၁၀၅၃
နေရပ် - အမှတ်(၁၅၂)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊
- လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

လက်မှတ် -
အမည် - ------------
နသေအမှတ် - ------------
နေရပ် - ------------
- ------------






"( ၁၅ –၀၁–၂၀၂၅) ရက်နေ့စွဲပါ စက်ယန္တရားအငှားရောင်း

နှစ်ဦးသဘောတူ ကတိစာချုပ်အမှတ် (**WF-HS-033/2025** )

အာမခံပစ္စည်းထားရှိခြင်း၏ ကတိစာချုပ်"

**နေ့စွဲ။ ။၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ၊( ၁၅ )ရက် ။**

အောက်ဖော်ပြပါ ပစ္စည်းအာမခံထားသူနှင့် လက်ခံယူသူတို့သည် အောက်ပါအတိုင်း နှစ်ဘက်သဘောတူ စက်ယန္တရားအငှားရောင်း နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်အတွက် အာမခံထားရှိခြင်းကတိစာချုပ်ကို ရန်ကုန်မြို့ ၌ ပြုလုပ်ချုပ်ဆိုကြသည်မှာ–

ပစ္စည်းအာမခံထားခြင်းကို ။ ။အမည် – ဦးဇော်မင်းမြတ်
လက်ခံသူ
မှတ်ပုံတင်အမှတ် – ၁၂/မရက(နိုင်)၁၁၄၄၁၁
နေရပ်လိပ်စာ – အမှတ်(၁၅၂)၊မင်းကြီးမဟာမင်းခေါင်လမ်း၊ လှိုင်သာယာမြို့နယ်၊ရန်ကုန်မြို့။

**(for and on the behalf of Common Purpose Co., Ltd.)**

ပစ္စည်းအာမခံထားရှိသူ ။ ။(၁) အမည် – ဒေါ်တင်မာချို (ဘ) ဦးစိုးတင့်
မှတ်ပုံတင်အမှတ် – ၇/ညလပ(နိုင်)၀၆၅၁၀၉
(၂) အမည် – ဒေါ်သဲအိချို (ဘ) ဦးကြည်စိုးလှိုင်
မှတ်ပုံတင်အမှတ် – ၇/ရကန(နိုင်)၀၈၉၀၅၀
နေရပ်လိပ်စာ – အမှတ် (၁၉၁/၁၉၃)၊၈–လွှာ(ခြေရင်းခန်း)၊ ဗိုလ်မင်းရောင်လမ်း၊မီးရထားရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်းနံပါတ် – ၀၉–၉၇၈၇၂၉၉၁၃ ။

(အထက်ဖော်ပြပါ ပစ္စည်းအာမခံထားခြင်းကို လက်ခံသူဟုဆိုရာ၌လည်းကောင်း၊ ပစ္စည်းအာမခံထားရှိသူဟုဆိုရာ၌ လည်းကောင်း၊ ၎င်းတို့ကိုယ်တိုင်အပြင် ၎င်းတို့အသီးသီး၏ အမွေစား အမွေခံများ၊ အမွေဆက်ခံခွင့်ရှိသူများ၊ တရားဝင်ကိုယ်စားလှယ်များနှင့် ကိုယ်စားပြုခံရသူများ၊ လွှဲပြောင်းခြင်းခံရသူများအားလုံး ပါဝင်သည်ဟုမှတ်ယူရမည်။)

၁။ စက်ယန္တရားအငှားရောင်းချသူနှင့် စက်ယန္တရားအငှားဝယ်ယူသူတို့ အကြား ပြုလုပ်ချုပ်ဆိုခဲ့ကြသော Used Hitachi Excavator ZX210LCH-5G (1)Unit အတွက် အငှားရောင်းချသူထံ အရစ်ကျပေးရန် ကျန်ရှိသောငွေ အားလုံး USD - 64,516 (USD – sixty-four thousand five hundred and sixteen only ) ကို ယင်း စက်ယန္တရားအငှား ဝယ်ယူမှုအတွက် အာမခံပစ္စည်းအဖြစ် **တိုက်ခန်းစာချုပ်အား Common Purpose Co.,Ltd.** တွင် ထားရှိပါမည်ဟု ပစ္စည်းအာမခံ ထားရှိသူ ဒေါ်တင်မာချို မှ ဝန်ခံကတိပြုပါသည်။

၂။ **<u>အာမခံထားရှိမည့်ပစ္စည်းအမျိုးအစား</u>**

(က) ဒေါ်သဲအိချို ပိုင်ဆိုင်သော ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မီးရထားရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ တိုက်ခန်း အမှတ် (၁၉၁/၁၉၃)၊၈–လွှာ(ခြေရင်းခန်း)၊အလျား(၂၀)ပေ၊အနံ(၇၀)ပေ၏ တိုက်ခန်းအရောင်း အဝယ်စာချုပ်မူရင်း နှင့် ဘီစီစီစာရွက်မိတ္တူ နှင့် တိုက်ခန်းသော့။

စာမျက်နှာ(၂)သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၃၀၀ ကျပ် | သုံးရာကျပ် | K 300

၃။ အထက်ဖော်ပြပါ အာမခံထားရှိသော **တိုက်ခန်းစာချုပ်**သည် အာမခံထားရှိသူ၏ မိတ်ဆွေမှ တရားဝင်ပိုင်ဆိုင်ထားပြီး အခြားအရှုပ်အရှင်း တစ်စုံတစ်ရာမရှိကြောင်းကိုလည်း တာဝန်ယူပါသည်။ အာမခံထားရှိသူမှ အာမခံထားရှိသည့် **တိုက်ခန်းစာချုပ်** ကို အာမခံအဖြစ် အပ်နှံသည့်ကာလမှာ နောက်ဆုံးငွေပေးသွင်းရမည့် (၂၀၂၅ ခုနှစ် ဧပြီလ)ကာလ အထိ ဖြစ်ကြောင်းနှင့် ယင်းအရစ်ကျငွေများ အပြေအကြေလက်ခံရရှိပြီးပါက အာမခံထားသော **တိုက်ခန်းစာချုပ်** မူရင်း ကို ပစ္စည်းအာမခံထားရှိသူသို့ ပြန်လည်ပေးအပ်မည်ကို သိရှိသဘောတူပါသည်။

၄။ အထက်ဖော်ပြပါသတ်မှတ်သောနေ့၌ အရစ်ကျငွေအားလုံးကို နောက်ဆုံးထား၍ ပေးသွင်းရန်နှင့် ပျက်ကွက်ပါက အာမခံထားရှိသည့် **တိုက်ခန်း** ကို လွှဲပြောင်းပေးရမည်ဖြစ်ပြီး ကျန်လိုအပ်သော စက်ယန္တရားဝယ်ယူသည့် တန်ဖိုး ပြည့်မီစွာ ပေးသွင်းရန် သဘောတူပါသည်။ ထိုသို့ အာမခံပစ္စည်းကိုလွှဲပြောင်းရယူရာတွင် အိမ်ခြံမြေစီမံခန့်ခွဲမှု ကော်မတီ အဖွဲ့ဝင်များ၏ ရှေ့မှောက်၌ အရောင်းအဝယ်စာချုပ်ချုပ်ခြင်း၊ တိုက်ခန်းကို လက်ဝယ်ရရှိနိုင်ရန် နည်းဥပဒေများနှင့်အညီ မပျက်မကွက် လိုက်ပါဆောင်ရွက်ပေးပါမည်ဟု ပစ္စည်းအာမခံထားသူမှ သဘောတူပါကြောင်း အောက်ပါ အသိသက်သေများရှေ့မှောက်တွင် ဝန်ခံကတိပြုပါသည်။

၅။ အထက်စာချုပ်ပါစကားရပ်များကို ပစ္စည်းအာမခံထားခြင်းကို လက်ခံသူနှင့် ပစ္စည်းအာမခံထားသူတို့နှစ်ဦး နှစ်ဖက်ဖတ်ရှု၊ သိရှိနားလည်သဘောပေါက်ကြပါ၍ မည်သူတစ်ဦးတစ်ယောက်မျှ လိမ်လည်ဖြားယောင်း သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့မပါဝင်ဘဲ မိမိတို့၏လွတ်လပ်သော သဘောဆန္ဒအရ အောက်ဖော်ပြပါ အသိသက်သေများ ရှေ့မှောက်၌ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုပါသည်။

| ပစ္စည်းအာမခံထားခြင်းကို လက်ခံသူ | ပစ္စည်းအာမခံထားရှိသူ |
|---|---|
| ဦးဇော်မင်းမြတ် (၁၂/မရက(နိုင်)၁၁၄၄၁၁)<br>(for and on behalf of Common Purpose Co., Ltd.) | ဒေါ်တင်မာချို (၇/ညလပ(နိုင်)၀၆၅၁၀၉)<br>ဒေါ်သဲအိချို (၇/ရကန(နိုင်)၀၈၉၀၅၀) |

**အသိသက်သေများ**

| | |
|---|---|
| လက်မှတ် – | လက်မှတ် – |
| အမည် – ဦးမင်းဇင် | အမည် – |
| နှင့်သအမှတ် – ၇/ကတခ(နိုင်)၁၂၁၀၅၃ | နှင့်သအမှတ် |
| နေရပ် – အမှတ်(၁၅၂)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ – လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ ။ | နေရပ် – |

CamScanner